

(စာစဉ်-၁၆)

# ပြန်လည်မွေးဖွားလာသော ယောက္ခမဆိုး

ဘာသာပြန်Miracle Phyu

## အခန်း ( ၃၂၆ )

## သူ့သားလေး ' ပေါင် ' က ဘာများ လုပ်ခဲ့မိလို့လဲ။ ( ၂ )

*

ချန်မင်ကျူး သူမရဲ့ ဖခင် အုတ်ဂူသို့ သွားလည်ပြီးနောက် သူတို့ လူစုသည် ပြန်လှည့်လာကြသည်။ ရထား တစ်ကြိမ် စီးခဲ့ပြီးပြီ ဖြစ်သောကြောင့် သူတို့ အားလုံး နောက်တစ်ကြိမ် ထပ်စီးရန် ငြင်းပယ်ခဲ့ကြသည်။ ဖန့်ကျွင်းရုံက မြန်နှုန်းမြင့် ရထား အတွက် လက်မှတ်များ ဝယ်ယူလိုက်သည်။ အနည်းဆုံး တော့ အဲ့ဒါက သက်သောင့်သက်သာ ပိုရှိလိမ့်မယ်။ သူမ ချန်မင်ကျူး အတွက်လည်း လက်မှတ် ဝယ်ပေးခဲ့သည်။ ထိုအရာကြောင့် ချန်မင်ကျူး အားနာနေမည် စိုး၍ ဖန့်ကျွင်းရုံက သူမကို ပြောလိုက်သည်။ " ငါတို့ မင်းရဲ့ မြို့ကို ရောက်ရင် ဒေသ ရိုးရာဟင်း နည်းနည်း ချက်ကျွေးလေ။ "

ချန်မင်ကျူး ပြုံးပြီး ပြောလိုက်သည်။ " ဟုတ်ကဲ့။ ကျွန်မက ဟင်းချက် တော်ပါတယ်။ "

" ကျွန်မတို့ မြို့က လိုင်ချီးသီးတွေလည်း အရမ်း ကောင်းတယ်။ သူတို့က တအား ချိုတယ်။ အန်တီ့ကို လိုင်ချီး တချို့လည်း ဧည့်ခံနိုင်ပါတယ်။ "

ထို့နောက် သူတို့ရဲ့ ခရီးကို စတင်ခဲ့ကြသည်။

***

ဖန့်ကျွင်းရုံနဲ့ အဖွဲ့တို့ C မြို့တော်မှ ထွက်ခွာလာခဲ့သောအခါ လွန်ခဲ့တဲ့ ရက် အနည်းငယ်တုန်းက ဖန့်ထန်း တင်ထားခဲ့သော ဗီဒီယိုတွင် ကြည့်ရှုနှုန်း ၁၀

မီလီယမ် ကျော်နေပြီ ဖြစ်သည်။ ထိုအရာက သူမ အတွက် စံချိန် အသစ် တစ်ခု ဖြစ်နိုင်သည်။ တကယ်တော့ ထိုဗီဒီယိုရဲ့ ကြည့်ရှုနှုန်းကို သူမရဲ့ တခြား ဗီဒီယိုများ အားလုံးရဲ့ ကြည့်ရှုနှုန်းတွေ ပေါင်းလိုက်ရင်တောင် မမီပါဘူး။ သို့သော် ဖန့်ထန်းသည်တော့ ရှီချန် မြို့တော်သို့ သူမရဲ့ ခရီးကို အာရုံစိုက်ထားသည့်အတွက် သူမ ဗီဒီယိုရဲ့ အရှိန်အဝါများကို သတိမထားမိပေ။

မူလမှာ သူမနဲ့ စာချုပ် ချုပ်ထားသော ဝက်ဘ်ဆိုဒ် A ၌သာ သူမ တင်ခဲ့ပေမယ့် တစ်စုံတစ်ယောက်က ထိုဗီဒီယိုကို ဝေ့ပေါ်တွင် လျင်မြန်စွာ ပြန်တင်လိုက်သည်။ အခကြေးငွေယူ ဝက်ဘ်ဆိုက်ဒ် တချို့က ထိုဗီဒီယိုကို မန်းရှင်းလုပ်ပြီးနောက်မှာ ရေပန်းစားသွားခဲ့သည်။ လုန့်ရှီဟွာရဲ့ ဖြောင့်မတ်တဲ့ ဝက်ဝံမိဘ စိတ်ထားသည် အင်တာနက်အသုံးပြုသူ များစွာကို ဆွဲဆောင်သွားစေခဲ့ပါသည်။

ထို့အပြင် ထိုအဖြစ်အပျက်က C မြို့တော်မှာ ဖြစ်ပွားခဲ့သောကြောင့် ဗီဒီယိုက ထိုနေရာတွင် ပိုမြန်မြန်ဆန်ဆန် ပျံ့နှံ့သွားခဲ့သည်။ လူ တချို့ဟာ ထိုဗီဒီယိုကို Renren.com မှာ သူတို့ရဲ့ သူငယ်ချင်း အသိုင်းအဝိုင်းတွေသို့ပင် ပြန်တင်ထားခဲ့ကြသည်။

လုန့်ရှီဟွာ၏ ခင်ပွန်းဖြစ်သူ ချိုက်ချန်းဟွာက ဤမြို့တွင် အလုပ် လုပ်သည်။ သူသည် မပြင့်လွန်း မနိမ့်လွန်း အလယ်အလတ် လယ်ဗယ် ရာထူး တစ်ခုကို တာဝန်ယူထားကာ တစ်လလျှင် ယွမ် 4000 ကနေ 5000 ဝန်းကျင် ရလေ့ရှိသည်။ သူက နောက်ပိုင်းတွင် ရုံး မန်နေဂျာ ရာထူးကို ရရန် မျှော်မှန်းထားပြီး ရုံးထဲက အခြား လူများနဲ့ ဆက်ဆံရေးကောင်းတွေကို တည်မြဲစေရန် အတွက် အများကြီး အားစိုက်ထုတ်ထားခဲ့သည်။ ယနေ့တော့ သူ အလုပ်ကို ထူးထူးခြားခြား အသီးတွေ ဝယ်လာခဲ့ပါတယ်။ ပုံမှန်အားဖြင့် သူ ပိုက်ဆံကို

ဒီလိုမျိုး နေရာတွေမှာ မသုံးချင်ပေ။

သို့သော် သူ့ဇနီး လုရှီဟွာသည် ရထားပေါ်တွင် အင်တာဗျူး တစ်ခု ရှိခဲ့ပြီး ထိုအင်တာဗျူးမှ ယွမ် 2000 ရခဲ့ကြောင်း သူ့ကို ပြောပြခဲ့သည်။ ထို့ကြောင့် သူတို့မှာ ပေါပေါများများ သုံးရန် ပိုက်ဆံ အနည်းငယ် ရှိနေသည်။

ဘယ်လို အရူးက အရေးမကြီးတဲ့ နေရာတွေမှာ သုံးဖို့ ပိုက်ဆံတွေ အများကြီး ရှိနေလဲ ဆိုတာ သူ စဉ်းစားလို့ မရသော်လည်း ဒီကိစ္စကနေ အကျိုးအမြတ် ရခဲ့တဲ့ လူ တစ်ယောက် အနေနဲ့ ဘယ်လိုပဲဖြစ်ဖြစ် သူ အတော်လေး ပျော်မိပါတယ်။ အင်တာဗျူး အကြောင်း သူ အနည်းငယ် ထပ်မေးကြည့်တော့ သူ့ဇနီးက ကလေးတွေကို အသိပညာပေးတာနဲ့ ပတ်သက်သည်ဟု ပြောပြခဲ့သည်။

ချိုက်ချန်းဟွာသည် နေ့စဉ် အလုပ်ထဲမှာ နစ်မြုပ်နေရသောကြောင့် သူ့ဇနီးကို ကလေး ပြုစုပျိုးထောင်ခြင်းအား ဂရုစိုက်ခိုင်းထားသည်။ ဘာပဲဖြစ်ဖြစ် သူမမှာ တစ်နေ့ တစ်နေ့ အိမ်မှာ ဘာလုပ်စရာမှ မရှိဘူးလေ။ နေ့စဉ် အိမ်မှုကိစ္စ အပြင် ကလေး တစ်ယောက်ကို ပြုစုပျိုးထောင်ရတာ ဘယ်လောက် ခက်နိုင်ဦးမှာလဲ။ သူအစ်မ အိမ်ထောင်သည်က သူ့သားလေး ' ပေါင် ' ဟာ အလွန် ဆိုးသွမ်းကြောင်းနဲ့ တခြား ကလေးတွေကို အမြဲ အနိုင်ကျင့်ကြောင်း တစ်ခါတရံ တိုင်တန်းတတ်ပေမယ့် ချိုက်ချန်းဟွာကတော့ အရမ်းကြီး အာရုံမစိုက်ခဲ့ပေ။ တကယ်တော့ သူက အဲ့ဒါကို ဂုဏ်ယူနေတာပါ။

သူတို့ရဲ့ သားကို သူတို့ ကောင်းကောင်း ပျိုးထောင်ပေးခဲ့သည်။ သူဟာ သန်စွမ်းဖျတ်လတ်ပြီး တကယ့်ကို လူတော်လေး တစ်ယောက်ပင်။ တခြား ကလေးတွေ အနိုင်ကျင့်တာကို ခံရတာထက် သူတို့ သားက တခြား ကလေးတွေကို အနိုင်ကျင့်တာ ပိုကောင်းပါတယ်။ ထို့အပြင် ကလေးတွေက

ဘယ်လိုပဲဖြစ်ဖြစ် အဲ့လောက်လည်း မသန်မာပေ။ တခြား ကလေးကို သူတို့ရဲ့သား ထိုးခဲ့ရင်တောင် တစ်ဖက် လူက အများကြီး နာကျင်သွားမှာ မဟုတ်ဘူး။ သူ့အစ်မက အလုပ် မဟုတ်တာကို သက်သက်မဲ့ အကဲပိုနေတယ်။

သူ့ခေါင်းထဲမှာ အတွေးတွေ ပလုံစီလျက် ရုံးထဲကို သူ လျှောက်ဝင်လာခဲ့သည်။ အခြားလူများကို သူ ပြုံးပြရင်း ပြောလိုက်ပါသည်။ " အိမ်မှာ ကိစ္စကောင်း တစ်ခု ဖြစ်သွားလို့ ခင်ဗျားတို့ အားလုံး အတွက် ကျွန်တော် သစ်သီးတွေ ဝယ်လာခဲ့တယ်။ "

သူ ပတ်ပတ်လည်ကို ကြည့်လိုက်တော့ လုပ်ဖော်ကိုင်ဖက်များက သူ့ကို ထူးထူးဆန်းဆန်း အကြည့်တွေနဲ့ ကြည့်နေကြသည်ကို သတိပြုမိသွားသည်။ သူတို့ ပုံစံက .... ဒရာမာကို ဖွင့်ချဖို့ စောင့်နေတာနဲ့ တူနေတယ် မဟုတ်လား။

သူ ထိတ်ခနဲ ရင်တုန်သွားမိသည်။ " ဘာဖြစ်လို့လဲ။ ကျွန်တော့်ဆံပင် ရှုပ်ပွနေလို့လား။ " အခြေအနေကို အကဲခတ်ရန် သူ စစနောက်နောက် မေးမြန်းလိုက်သည်။

ဘယ်သူမှ သူ့ကို ပြန်မဖြေကြပေ။

သူ့လုပ်ဖော်ကိုင်ဖက်တွေထဲက တစ်ယောက် ဖြစ်တဲ့ လောင်လီက သစ်တော်သီး တစ်လုံးကို ယူရင်း " ဒီနေ့ အိမ်မှာ ဖြစ်ခဲ့တဲ့ ကောင်းတဲ့ ကိစ္စဆိုတာ ဘာလဲဗျ။ ကျွန်တော်တို့ကိုလည်း မျှဝေပါဦး။ " ဟု သူ့ကို မေးသည်။

ချိုက်ချန်းဟွာသည် စကားပြောနေစဉ်မှာ သူ့အသံ တည်ငြိမ်နေစေရန် အတတ်နိုင်ဆုံး ကြိုးစားခဲ့သည်။ " အိုး ၊ ဘာမှ ထူးထူးခြားခြားတော့ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ ရက် အနည်းငယ်တုန်းက ကျွန်တော့်ဇနီးက သားကို သူ့အဘိုးဆီ အလည် ခေါ်သွားတာ မှတ်မိတယ် မဟုတ်လား။ သူတို့ ပြန်လာတော့ လူ တစ်ယောက်က သူမကို သားလေးကို ကောင်းကောင်း

ပျိုးထောင်ခဲ့တာပဲလို့ ပြောပြီး အင်တာဗျူးတောင် လုပ်ခဲ့တယ် တဲ့။ "

အသေအချာပင် သူတို့ မိသားစုဟာ သဟဇာတ ဖြစ်တယ်။ သူ့သားလေးကလည်း သိမ်မွေ့နူးညံ့တတ်သည်။ အဲ့ဒါက သူ့ကို လူအထင်ကြီးခံရစေလိမ့်မည်။

ထိုစကားကို ပြောပြီးသောအခါ လောင်လီ၏ အကြည့်ဟာ ပိုလို့ ထူးဆန်းသွားတာကို သူ သတိပြုမိလိုက်သည်။

***

# အခန်း ( ၃၂၇ )

## သူ့သားလေး ' ပေါင် ' က ဘာများ လုပ်ခဲ့မိလို့လဲ။ ( ၃ )

*

လောင်လီက သူ့ပခုံးကို ပုတ်သည်။ " ဟုတ်တယ်။ ကလေးတွေကို အသိပညာပေးရတာ အရမ်း အရေးကြီးတယ်။ ခင်ဗျား အဲ့ဒါကို ကိုင်တွယ်ဖို့ လိုတယ်။ သူက အခု အရမ်း ငယ်သေးတော့ ခင်ဗျား ဒါကို ပြုပြင်နိုင်ပါသေးတယ်။ သူ အရွယ်ရောက်သွားရင် လွယ်တော့မှာ မဟုတ်ဘူး။ "

လောင်လီသည် စိတ်ထားပြည့်ဝနေသော်လည်း ချိုက်ချန်းဟွာကတော့ သူ့သားကို မည်သူမဆို မကောင်းပြောခြင်းကို မကြိုက်ပေ။ သူ ရုတ်တရက် မျက်နှာပျက်သွားမိသည်။

" ခင်ဗျား ဘာပြောချင်တာလဲ။ ကျွန်တော့်သားက ဘာဖြစ်နေလို့လဲ။ သူက ချစ်စရာကောင်းပြီး ရင့်ကျက်တဲ့ ကောင်လေး တစ်ယောက်ပါ။ မနေ့ကဆို ကျွန်တော့်ပခုံးကိုတောင်မှ သူ နှိပ်ပေးခဲ့တယ်။ "

သူနဲ့ စကား အချေအတင် ဖြစ်နေသော လုပ်ဖော်ကိုင်ဖက်က ပြန်လည်ချေပသည်။ " ခင်ဗျားရဲ့ သားလား။ ခင်ဗျား သူ့ကို ရင့်ကျက်တယ်လို့ ခေါ်ရဲတယ်လား။ ခင်ဗျား သားက သန္ဓေမကောင်းမှန်း တစ်နိုင်ငံလုံး သိတယ်။ "

" ခင်ဗျား အွန်လိုင်းပေါ်က ဗီဒီယိုတွေကို မကြည့်ရသေးဘူး မဟုတ်လား။ ခင်ဗျားရဲ့ သားက ပစ္စည်း တစ်ခုကို ခိုးခဲ့ပြီး သူများတွေကို အပြစ်လွှဲချခဲ့တယ်။ သူ အဲ့ဒါတွေ အကုန်လုံးကို ချောချောမွေ့မွေ့ လုပ်သွားခဲ့တာ။ တော်

တယ်လား .. ၊ တော်တာပေ့ါ။ ဒါပေမဲ့ သူ့ရဲ့ ဉာဏ်ကောင်းမှုကို ကောင်းတဲ့ အရာတွေမှာ အသုံးမချတာ တော်တော် ဆိုးတယ်။ " ဤလုပ်ဖော်ကိုင်ဖက်မှာလည်း ကလေး တစ်ယောက် ရှိကာ ကလေးကို ပြုစုပျိုးထောင်ရတာ အလွန် ခက်ခဲကြောင်း တစ်ခါတရံ ညည်းညူလေ့ရှိသည်။ ထို့ကြောင့် ချိုက်ချန်းဟွာသည် သူ့သား အကြောင်းကို ကြွားဝါရင်း လောင်လီကို နှိမ်လေ့ရှိပြီး အဲ့လိုနဲ့ သူတို့၏ မလိုမုန်းထားမှု အစပြုလာခဲ့လေသည်။

" ဘာကို ခိုးတာလဲ။ ကျွန်တော့်သားက ဘယ်တော့မှ မခိုးဘူး။ "

" ခင်ဗျား ကိုယ်တိုင် အွန်လိုင်းမှာ ကြည့်လိုက်ပေ့ါ။ ' ဝက်ဝံကလေး ( ဆိုးသွမ်းတဲ့ ကလေး ) ' လို့ ရိုက်ရှာကြည့်လိုက်။ ကွန်းမန့် အများဆုံး ဗီဒီယိုက ခင်ဗျား သား ပါတဲ့ ဗီဒီယိုပဲ။ "

ချိုက်ချန်းဟွာ သူ့ကို မယုံကြည်မိပေ။ သူ ရိုက်ရှာဖို့ လုပ်နေစဉ်မှာ သူ့ဆီကို သူ့မန်နေဂျာက မကြည်မသာ မျက်နှာဖြင့် လျှောက်လာသည်။

" ငါတို့ စကားပြောဖို့ လိုနေပြီ ချိုက်ချန်းဟွာ။ "

အခြား မည်သည့် နေ့တွင်မဆို သူ့မန်နေဂျာက သူ့ကို ကိုယ်ကိုယ်ကိုယ် ပိုတော်အောင် လုပ်ရန် အကြံဉာဏ်များ ပေးချင်လိမ့်မည်ဟု ချိုက်ချန်းဟွာ ထင်ထားခဲ့သည်။ ဒါပေမဲ့ အခုက .....

သူ့လုပ်ဖော်ကိုင်ဖက် ယခုလေးတင် သူ့ကို ပြောထားသော စကားကို ပြန်စဉ်းစားမိတော့ သူ ပိုပြီး စိတ်လှုပ်ရှားသွားသည်။

သေချာတာပေ့ါ။ သူတို့ မန်နေဂျာရုံးခန်းထဲကို ဝင်ပြီးတာနဲ့ မန်နေဂျာရဲ့ မျက်နှာ မည်းခနဲ ဖြစ်သွားတယ်။

" မင်း ကိုယ့်ကလေးကို ဘယ်လို ပြုစုပျိုးထောင်ခဲ့တာလဲ။ သူ ဘယ်လောက် ဆိုးတယ် ဆိုတာ တစ်နိုင်ငံလုံး သိနေကြပြီ။ "

" မင်း ကိုယ့်ရဲ့ ကလေးကိုတောင် သေချာ မပျိုးထောင်နိုင်ရင် ဝန်ထမ်းတွေကို စီမံခန့်ခွဲတဲ့ နေရာမှာ ငါ မင်းကို ဘယ်လိုလုပ် ယုံကြည်နိုင်မှာလဲ။ မင်း လုပ်ခဲ့တာတွေအပေါ် ဆင်ခြင်တွေးတောဖို့ အချိန် တချို့ ယူပြီး တောင်းပန်စရာ ရှိတဲ့ လူတိုင်းကို တောင်းပန်ပါ။ ငါတို့ ကုမ္ပဏီရဲ့ ဂုဏ်သတင်းကို မင်းနဲ့ အတူ ရွံ့ထဲကို ဆွဲမချနဲ့။ ငါတို့က ကုမ္ပဏီ သေးသေးလေးပဲ ရှိသေးတာ ဒီလို နာမည်ဆိုးနဲ့ ကျော်ကြားမှုမျိုးကို ခံနိုင်ရည် ရှိမှာ မဟုတ်ဘူး။ "

ထိုစကားကို ပြောပြီးသောအခါ သူ ဒေါသ ပိုမထွက်နိုင်တော့ပါဘူး။ ဒါပေ့ါ ၊ သူ့ကုမ္ပဏီ အတွက် နာမည်ကျော်ကြားမှု လိုချင်ပေမယ့် ဒီလိုမျိုးတော့ မဟုတ်ဘူးလေ။ ချိုက်ချန်းဟွာရဲ့ ဇနီး လုပ်သွားတဲ့ ပုံစံက သူ့ကို အန်ချင်လာစေတယ်။ သူမက ဧကရာဇ်လေး တစ်ပါးကို ပျိုးထောင်ခဲ့သလို ပုံစံဖမ်းနေခဲ့သည်။ သူမရဲ့ ဦးနှောက်ထဲမှာ ဘာတွေ ရှိနေတာလဲ။ ဒီအဖြစ်မပျက် မတိုင်မီ ချိုက်ချန်းဟွာရဲ့ လုပ်ရည်ကိုင်ရည်သည် သာမန်ပဲ ရှိတာတောင် လုပ်ငန်းကို အတော်လေး ကျွမ်းကျင်လိမ္မာသည်ဟု သူ မြင်၍ ချိုက်ချန်းဟွာကို ရာထူးတိုးပေးချင်သော ဆန္ဒ တစ်ဝက် ရှိခဲ့ဖူးသည်။ အခုလား ။ အဲ့ဒါကို မေ့လိုက်တော့။

ချိုက်ခန်းဟွာသည် တူဖြင့် အကြိမ် အနည်းငယ် အရိုက်နှက်ခံနေသကဲ့သို့ ခံစားရပြီး နောက်ဆုံး ရိုက်နှက်ချက်သည်တော့ သူ့ကို အလွန် ထိတ်လန့်တုန်လှုပ်သွားစေခဲ့သည်။ သူ့မန်နေဂျာက သူ့မှာ ရာထူးတိုး အခွင့်အရေး တစ်ခုမှ မရှိတော့ဘူးဟု အခုလေးတင် ပြောသွားခဲ့သည်။

သူ စိုးရိမ်ပူပန်သွားကာ ဘာပြောရမှန်း မသိတော့ပေ။ သူ့သားလေး ' ပေါင် ' က ဘာများ လုပ်ခဲ့မိလို့လဲ။

ရာထူးတိုး အခွင့်အရေး သူ့ရှေ့မှာ အဖျားရှူးသွားခြင်းကို မြင်ရတာ ချိုက်

ချန်းဟွာ အတွက် အဆင်မပြေပေ။

သူ့မန်နေဂျာက သိသိသာသာ ဒေါသထွက်နေပုံ မပေါ်သော်လည်း စိတ်မကျေနပ်ခြင်းတွေကိုတော့ မျက်နှာပေါ်မှာ အထင်သား မြင်နေရသည်။

သူ သူ့ရုံးခန်းထဲကို ပြန်ရောက်သောအခါ ချိုက်ချန်းဟွာ စိတ်နဲ့ကိုယ် ပြန်မကပ်ခင် ငူငူငိုင်ငိုင် အခြေအနေ၌သာ အတော် ကြာအောင် ရှိခဲ့သည်။ ထို့နောက် သူ ပထမဆုံး လုပ်တဲ့ အရာက သူ့လုပ်ဖော်ကိုင်ဖက် ပြောသွားတဲ့ ဗီဒီယိုကို ရှာဖွေခြင်းပင်။ ထိုဗီဒီယိုဟာ ဒါတွေ အားလုံးရဲ့ တရားခံ ဆိုတာ ထင်ရှားတယ်။ ထိုအတွေးက ဗီဒီယို သူ့ကို ရိုက်ကူးခဲ့သူအား မုန်းတီးလာမိစေသည်။

အဲ့ဒီနောက် သူ ဗီဒီယိုကို ဖွင့်လိုက်တော့ သူ့ဇနီးက ကောင်မလေး တစ်ယောက်ကို နူတ်ဖြင့် အနိုင်ကျင့်နေရုံသာမက သူမရဲ့ အဝတ်အစားများကိုပင် ဆွဲချွတ်ချင်နေသည်ကို မြင်လိုက်ရသည်။ အဆုံး၌ လက်ကောက်ကို ခိုးယူခဲ့သူဟာ သူ့သား ဖြစ်ကြောင်း သိလိုက်ရသည်။ သူတို့က တစ်နိုင်ငံလုံးရဲ့ ရှေ့မှာ သူတို့ကိုယ်သူတို့ အောင်မြင်စွာ အရှက်ခွဲခဲ့ကြသည်။

ထို့ပြင် အဲ့လိုတွေ ဖြစ်ပြီးတဲ့နောက် သူ့ဇနီးက အမည်ခံ အင်တာဗျူးကို လက်ခံပြီး ကင်မရာ အရှေ့မှာ ကလေး ပြုစုပျိုးထောင်ခြင်းနဲ့ ပတ်သက်တဲ့ သူမရဲ့ ဒဿနတွေကို ပြောပြနေပါသေးတယ်။

" ဘာကို ပညာပေးရမလဲ။ ကလေးတွေဟာ ငယ်စဉ်ကလေးဘဝမှာ ရန်ပွဲလေးတွေ ဖြစ်ကြတာ ပုံမှန်ပါပဲ၊ ဒီလိုနဲ့ သူတို့ ဆက်ဆံရေး ကောင်းလာလိမ့်မယ်။ ငါတို့အားလုံး ဒီလိုပဲ ကြီးပြင်းလာကြတာ မဟုတ်လား။ ငါတို့အားလုံးက ဆွေမျိုးတွေဖြစ်လို့ သေချာပေါက် နားလည်ပေးကြမှာပါ။ ငါ့ကလေးလေးက အရမ်းလိမ္မာတယ်။ သူက အိမ်မှာ အရုပ်နည်းနည်းပဲ ရှိတာဆိုတော့ တခြားသူတွေနဲ့ ကစားတဲ့အခါ အရုပ်တွေကို ငှားရမ်းရတာ ကြိုက်ရ

တဲ့ အကြောင်းရင်းပါပဲ။ သူ့ကို ခဏလောက် ကစားခွင့်ပေးလိုက်တာက သိပ်အရေးမကြီးပါဘူး။ "

" ငါ့ရဲ့ ' ပေါင် ' လေးက လိမ္မာတဲ့ ကလေး တစ်ယောက်ပါ။ တခြား ကလေး တစ်ယောက်နဲ့ သူ ရန်ဖြစ်ခဲ့ရင်တောင် ရန်ပွဲကို စတင်တဲ့ လူက သူ မဟုတ်ဘူး ဆိုတာ ငါ သေချာတယ်။ ပြီးတော့ သူ ပြန်တိုက်ခိုက်ရတာက လည်း သဘာဝကျတယ် မဟုတ်လား။ "

***